

# E-9 နိုင်ငံခြားသားလုပ်သား
# မတော်တဆသေဆုံးမှုစီမံခြင်းနှင့် နာရေးထောက်ပံ့ခြင်း အသိပေးချက်

*ကိုရီးယားနိုင်ငံတွင် နေထိုင်စဉ်အတွင်း သေဆုံးသွားသည့် နိုင်ငံခြားသားလုပ်သားနှင့် ပတ်သက်သည့် စီမံခြင်း၊ နာရေး အစီအစဉ်နှင့် နာရေးစရိတ်ထောက်ပံ့သည့်စနစ်ကို အသိပေးအပ်ပါသည်။*

## 1 မတော်တဆမှု အကြောင်းကြားခြင်း

**သက်ဆိုင်ရာ ရဲဌာန · အလုပ်သမားစင်တာ · ကိုရီးယားနိုင်ငံရှိ မြန်မာသံရုံး**

- **အလုပ်ရှင်**
  နိုင်ငံခြားသားလုပ်သားသေဆုံးလျှင် ရဲစခန်း (၁၁၉ အပါအဝင်) သို့မဟုတ် အလုပ်သမားစင်တာသို့ အကြောင်းကြားရန်
- **ရဲစခန်းနှင့် အလုပ်သမားစင်တာ**
  ကိုရီးယားနိုင်ငံရှိ မြန်မာသံရုံးသို့ သေဆုံးကြောင်း သတင်းပို့ရန်-ကျန်ရစ်သူမိသားစု လာရောက်ခြင်း သို့မဟုတ် ကိုယ်စားလှယ် (ရွှေ့ပြောင်းအလုပ်သမားအဖွဲ့ စသည်)က စီစဉ်လုပ်ဆောင်ခြင်း

## 2 အခင်းဖြစ်သည့်နေရာ စစ်ဆေးခြင်း

**မတော်တဆမှုဖြစ်စေသည့် ဖြစ်စဉ်၊ အကြောင်းရင်း · မျက်မြင်သက်သေ ထွက်ဆိုချက်**

- ရဲစခန်းက မတော်တဆမှုစစ်ဆေးသည့်ရလဒ်ကို အလုပ်ရှင်နှင့် ကိုရီးယားနိုင်ငံရှိမြန်မာသံရုံး (ကျန်ရစ်သူမိသားစုထံ) သို့ အကြောင်းကြားပြီး၊ အလုပ်သမားစင်တာက သက်ဆိုင်သည့် အဖွဲ့အစည်းသို့ အကြောင်းကြားရန်

| အမျိုးအစား | တာဝန်ခံအဖွဲ့အစည်း | ထောက်ပံ့ပေးသည့်အချက်များ |
|---|---|---|
| လုပ်ငန်းခွင်မတော်တဆဖြစ်ခြင်း | အလုပ်သမားဖူလုံရေးအဖွဲ့ | ထိခိုက်မှုအာမခံငွေပေးအပ် (ပျမ်းမျှလစာ၏ ၁၃၀၀ ရက်စာ) |
| ထိခိုက်မှုဖြစ်ခြင်း | ဆမ်ဆောင်းမီးအာမခံ | ထိခိုက်သေဆုံးမှုငွေပေးအပ်ခြင်း (အများဆုံး ဝမ်သိန်း ၃၀၀) |
| ရောဂါဖြစ်ပွားခြင်း | ဆမ်ဆောင်းမီးအာမခံ | ရောဂါဖြစ်သေဆုံးမှုငွေပေးအပ်ခြင်း (အများဆုံး ဝမ်သိန်း ၁၅၀) |
| မိမိကိုယ်ကိုယ်သတ်သေခြင်း-ပိုင်ရှင်မဲ့ မတော်တဆသေဆုံးခြင်း | ကိုရီးယားနိုင်ငံရှိမြန်မာသံရုံး | (နာရေးအသင်း) နာရေးအစီအစဉ်လုပ်ဆောင် ခြင်း (အဖွဲ့အစည်း) နာရေးစရိတ်တောင်းခံခြင်း * သက်သေခံ စာရွက်စာတမ်းအပါအဝင် |
| | ကိုရီးယားကုန်ထုတ်လုပ်ငန်း လူ့စွမ်းအားအဖွဲ့ | တောင်းဆိုသည့် အသုံးစရိတ်ပေးအပ်ခြင်း (ဝမ် သိန်း ၃၀ အတွင်းဖြစ်လျှင် ၁၄ ရက်အတွင်း ပေးအပ်မည်) |

## 3 နာရေးအစီအစဉ် လုပ်ဆောင်ခြင်း

**ကျန်ရစ်သူမိသားစုနှင့်ဆွေးနွေးခြင်း · မီးသဂြိုဟ်ခြင်း၊ အရိုးပြာသိမ်းဆည်းခြင်း · အလောင်းပို့ဆောင်ခြင်း စသည်**

- ကိုရီးယားနိုင်ငံရှိမြန်မာသံရုံး (သို့မဟုတ် တာဝန်ယူထားသည့် အဖွဲ့အစည်း)က ကျန်ရစ်သူမိသားစုထံမှ မီးသဂြိုဟ်မည့် သို့မဟုတ် အလောင်းပြန်သယ်မည့်တောင်းဆိုစာကိုရယူပြီး ကျန်ရစ်သူမိသားစု၏ ဆန္ဒအတိုင်း ကိုရီးယားနိုင်ငံရှိ သတ်မှတ်ထားသည့် နာရေးအသင်းများမှတဆင့် သေဆုံးသူ၏ အလောင်းကို စီမံရမည်။

ကျန်ရစ်သူမိသားစုက မတော်တဆမှုစီမံ(နာရေး)စရိတ်ကျခံရန် အခက်အခဲရှိပါက ကိုရီးယားရှိမြန်မာသံရုံးက စံငွေ ကြေးထောက်ပံ့ခြင်းကို လျှောက်ထားနိုင်သည်။

- နာရေး (ဝမ်သိန်း ၂၀ခန့်)
- မီးသဂြိုဟ်ခြင်း (ဝမ် ၁ သိန်း ~ ဝမ် ၁၀ သိန်း)
- အအေးခန်းတွင်ထားခြင်း (ဝမ် ၂၅ သိန်း ~ ဝမ် သိန်း ၅၀)
- အရိုးပြာပြန်ပို့ခြင်း (ဝမ် ၄ သိန်း ~ ဝမ် ၁၀ သိန်း)
- အလောင်းပြန်ပို့ခြင်း (ဝမ် ၆ သိန်း ~ ဝမ် ၁၅ သိန်း)

## 4 အာမခံငွေနှင့် လုပ်အားခ ပေးအပ်ခြင်း

**လုပ်အားခ · နိုင်ငံခြားသားလုပ်သား သီးသန့်အာမခံ**

- သေဆုံးသည့် အမျိုးအစားအလိုက် သက်ဆိုင်သည့်အဖွဲ့အစည်းများက ပေးအပ်သည့် အာမခံငွေနှင့် အခြားလုပ်အားခ၊ ပြည်တော်ပြန်စရိတ် - သက်တမ်းပြည့်ပြည်တော်ပြန်အာမခံ၊ ပင်စင်ငွေ (အသင်းဝင်ထားလျှင်)ကို ပေးအပ်မည်

အာမခံငွေလျှောက်ခြင်း : လုပ်ငန်းရှင်၊ ကိုရီးယားနိုင်ငံရှိမြန်မာသံရုံး၊ ကျန်ရစ်သူမိသားစု (သို့မဟုတ် ကျန်ရစ်သူ မိသားစုက လွှဲအပ်ထားသည့် အဖွဲ့အစည်း) စသည်

- သက်တမ်းပြည့် ပြည်တော်ပြန်အာမခံ (အသင်းစဝင်သည့်ရက်မှစပြီး ၁ နှစ်ကျော်လျှင်)
- ပြည်တော်ပြန်စရိတ် (နိုင်ငံအလိုက် ၄ သိန်း ~ ၆ သိန်း ခန့်)
- နာရေးအစီအစဉ်ကို လုပ်ဆောင်ပြီးနောက် (လစာမရလျှင် ဝမ် သိန်း ၂၀ ထိ)
- လစာ (အလုပ်လုပ်နေသည့် ကာလရှိ လုပ်အားခ ခန့်မှန်းတွက်ချက်)
- ပင်စင် (အသင်းဝင်ထားလျှင်)

고용노동부 · 한국산업인력공단 HUMAN RESOURCES DEVELOPMENT SERVICE OF KOREA



# မိမိကိုယ်ကိုယ်သတ်သေခြင်း - ပိုင်ရှင်မဲ့သေဆုံးသူ နာရေးစရိတ်ထောက်ပံ့ခြင်း

## လုပ်ငန်းအကျဉ်းချုပ်

- ကိုရီးယားနိုင်ငံတွင် နေထိုင်သည့် နိုင်ငံခြားသားလုပ်သားထဲမှ မိမိကိုယ်ကိုယ်သတ်သေခြင်း သို့မဟုတ် ပိုင်ရှင်မဲ့ သေဆုံးသူများအတွက် နာရေးအစီအစဉ်ဆောင်ရွက်မှု ကုန်ကျစရိတ် ဝမ် သိန်း ၃၀ အတွင်း  အမှန်တကယ်ကုန်ကျ သည့်စရိတ်ကို ပေးအပ်သည့်စနစ်ဖြစ်သည်။

## ထောက်ပံ့မှုရရှိမည့်သူများ

- E-9 မိမိကိုယ်ကိုယ်သတ်သေသည့် သို့မဟုတ် ပိုင်ရှင်မဲ့ သေဆုံးသည့် နိုင်ငံခြားသားလုပ်သား

## ထောက်ပံ့မည့်စရိတ်များ

- ဝမ် သိန်း ၃၀ အထိ

  * မီးသဂြိုဟ်ခြင်း၊ အအေးခန်းတွင်ထားခြင်း၊ အလောင်းပြန်ပို့ခြင်း စသည့် အမှန်တကယ်ကုန်ကျသည့် နာရေးကုန်ကျ စရိတ်ကို အများဆုံး ဝမ် သိန်း ၃၀ထိ ထောက်ပံ့

## ထောက်ပံ့ငွေ လျှောက်ထားခြင်းနှင့် ပေးအပ်ခြင်း

- လျှောက်ရမည့်လိပ်စာ - ကိုရီးယားကုန်ထုတ်လုပ်ငန်းလူ့စွမ်းအားအဖွဲ့ အလုပ်ခန့်နေထိုင်ခွင့်ထောက်ပံ့ရေးဌာန
- လျှောက်ပေးရမည့်အဖွဲ့အစည်း - ကိုရီးယားနိုင်ငံရှိမြန်မာသံရုံး

နာရေးအစီအစဉ်ကိုလုပ်ဆောင်ပြီးနောက်
နာရေးထောက်ပံ့ငွေလျှောက်လွှာနှင့် အထောက်အထားစာရွက် စာ တမ်းများကို
ပူးတွဲပြီး ကိုရီးယားကုန်ထုတ်လုပ်ငန်းလူ့စွမ်းအားအဖွဲ့သို့ နာရေးစရိတ်တောင်းခံရန်

## တင်သွင်းရမည့်စာရွက်စာတမ်းများ

- နာရေးစရိတ်

  နာရေးထောက်ပံ့ငွေလျှောက်လွှာ၊ သေဆုံးကြောင်းဆေးစာ အလောင်းစစ်ဆေးထားသည့်ဆေးစာ နာရေးထောက်ပံ့ငွေငွေရပြေစာ၊ ဘဏ်စာအုပ်မိတ္တူ (ကိုရီးယား နိုင်ငံရှိမြန်မာသံရုံးသို့ငွေပေးပို့ရလျှင်)၊ နာရေးအသင်းလုပ်ငန်းရှင်မှတ်ပုံတင်မိတ္တူနှင့် ဘဏ်စာအုပ်မိတ္တူ (အသင်းအဖွဲ့ သို့ငွေပေးပို့ရလျှင်)
- အလောင်းပြန်ပို့ခြင်း

  နာရေးထောက်ပံ့ငွေလျှောက်လွှာ၊ သေဆုံးသူပြည်ပထွက်ခွာရန်(စီစဉ်ကြောင်း) အထောက် အထားစာရွက်စာတမ်း၊ အအေးခန်းထောက်ခံစာ

## သက်ဆိုင်သည့်အဖွဲ့အစည်းဖုန်းနံပါတ်များ

| အဖွဲ့အစည်းအမည် | လုပ်ဆောင်သည့်အကြောင်းအရာများ | ဖုန်းနံပါတ |
|---|---|---|
| အလုပ်သမားစင်တာ | လုပ်ငန်းခွင်ထိခိုက်မှုစစ်ဆေးရန် | ☎ ၁၃၅၀ |
| အလုပ်သမားဖူလုံရေးအဖွဲ့ | လုပ်ငန်းခွင်ထိခိုက်မှုအာမခံပေးအပ်ခြင်း | ☎ ၁၅၈၈-၀၀၇၅ |
| နိုင်ငံသားပင်စင်အဖွဲ့ | နိုင်ငံသားပင်စင်ပြန်ထုတ်ပေးရန်ယာယီငွေပေးအပ်ခြင်း | ☎ ၁၃၅၅ |
| ဆမ်ဆောင်းမီးနှင့်ရေကြောင်းအာမခံ | သက်တမ်းပြည့်ပြည်တော်ပြန် · ပြည်တော်ပြန်စရိတ် အာမခံပေးအပ်ခြင်း | ☎ ၀၂-၂၂၆၁-၈၄၀၀ |
| နိုင်ငံခြားသားလူ့စွမ်းအားဆွေးနွေးရေး စင်တာ | နိုင်ငံစုံစကားပြန် · ဆွေးနွေးထောက်ပံ့ပေးခြင်း မိမိကိုယ်ကိုယ်သတ်သေသူနာရေးစရိတ်ထောက်ပံ့ခြင်း လမ်းညွှန် | ☎ ၁၅၇၇-၀၀၇၁ |

고용노동부　한국산업인력공단 HUMAN RESOURCES DEVELOPMENT SERVICE OF KOREA

